THE CARTER CENTER

# NEWS RELEASE

## သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံ၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကာတာစင်တာ၏ ကနဦးအစီရင်ခံစာ

ရန်ကုန်၊ မြန်မာ (နိုဝင်ဘာလ ၁၀ရက်၊ ၂၀၂၀) - ယနေ့ထုတ်ပြန်လိုက်သော ကနဦးထုတ်ပြန်ကြေညာချက်တွင် ကာတာစင်တာအနေဖြင့် မြန်မာ့အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ဆောင်ရွက်မှုများအတွင်း တည်ရှိနေသော ကိုဗစ်-၁၉၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများနှင့် မဲဆန္ဒရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်၌ ၎င်းတို့၏ သဘောဆန္ဒများကို လွတ်လပ်စွာ ဖော်ပြနိုင်ခဲ့ကြသလို ၎င်းတို့၏ ကိုယ်စားလှယ်များကို တင်မြှောက်ရန် လွတ်လပ်စွာ ရွေးချယ်နိုင်ခဲ့ကြသည်ကို ကာတာစင်တာက တွေ့ရှိရပါသည်။ သို့သော် ခန့်အပ်ခံ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအတွက် ကြိုတင်သတ်မှတ်နေရာများ ရှိနေခြင်းနှင့် နိုင်ငံတွင်း ဒေသအများအပြားတွင် ပဋိပက္ခများ ဆက်လက်ရှိနေခြင်း၊ အကြမ်းဖက်မှု သို့မဟုတ် ခွဲခြားဆက်ဆံခံရမှုကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များမှ လူနှစ်သန်းကျော် ဖယ်ကြဉ်ချန်လှပ်ခံရခြင်းတို့အပါအဝင် ဥပဒေမူဘောင်အတွင်း၌ ဟာကွက်အများအပြား ရှိနေခြင်းကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးမှာ လျော့ပါးနိမ့်ကျနေဆဲဖြစ်သည်ကိုလည်း ကာတာစင်တာအနေဖြင့် သတိပြုမိပါသည်။ ထိုဖြစ်စဉ်မှာ မြန်မာနိုင်ငံကို ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ ဖြစ်စေရန် လုပ်ဆောင်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေကြောင်းကို မီးမောင်းထိုးပြနေပါသည်။

ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆန္ဒရှင်များထံသို့ မိမိတို့၏အမြင်များကို ဆက်သွယ်ပြောဆိုနိုင်စွမ်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက်များအား မဲဆန္ဒရှင်များ လက်ခံရရှိနိုင်စွမ်းတို့အပါအဝင် ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်များ၏ အရေးကြီးရှုထောင့်များမှာ ကမ္ဘာ့ကပ်ရောဂါဘေးကို ရင်ဆိုင်နိုင်မည့် ကန့်သတ်ချက်များ၏ သက်ရောက်မှုများကို ခံစားခဲ့ရသည်။ ရွေးကောက်ပွဲကြိုကာလအတွင်း ရုံဖန်ရံခါ အငြင်းပွားဖွယ်ကိစ္စရပ်များ ပေါ်ပေါက်ခဲ့သော်လည်း ရွေးကောက်ပွဲနေ့တွင် မူမမှန်မှုများ သိသိသာသာ ပေါ်ပေါက်ခဲ့ခြင်းမရှိဟု မစ်ရှင်၏ ရွေးကောက်ပွဲလေ့လာသူများက အစီရင်ခံခဲ့ကြသည်။

ရွေးကောက်ပွဲနေ့တွင် ကာတာစင်တာ၏ ရွေးကောက်ပွဲလေ့လာသူစုစုပေါင်း ၄၃ယောက်တို့သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခု ရှိ မဲရုံပေါင်း ၂၃၄ရုံသို့ သွားရောက်လေ့လာခဲ့ကြသည်။ မဲရေတွက်ခြင်းကို လေ့လာရာတွင် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြကြောင်းနှင့် မဲရုံကိုယ်စားလှယ်များလည်း ရှိနေကြကြောင်း တွေ့ရသည်။ ဖြစ်ရပ်သုံးခုတွင် မစ်ရှင်၏ ရွေးကောက်ပွဲလေ့လာသူများမှာ မဲရလဒ်များစာရင်းသွင်းခြင်းလုပ်ငန်းစဉ်ဆောင်ရွက်သည့်နေရာများသို့ လေ့လာခွင့်ရရန် ကန့်သတ်ခံရခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်းတို့ ရှိခဲ့သော်လည်း ရလဒ်များ စာရင်းသွင်းခြင်း ဖြစ်စဉ်ကို ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ကာတာစင်တာအနေဖြင့် ရလဒ်များ စာရင်းသွင်းခြင်းနှင့် ရွေးကောက်ပွဲ နှောင်းပိုင်းကာလ ကန့်ကွက်လွှာဖြစ်စဉ်တို့ကို ဆက်လက်စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

***ကာတာစင်တာ၏ အဓိက ကနဦးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။***

**ဥပဒေမူဘောင်** - ကြိုတင်သတ်မှတ်ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နေရာများ၊ မဲဆန္ဒနယ်များ၌ ဆန္ဒမဲတန်းတူညီမျှ မရှိမှု၊ သမ္မတဖြစ်မှုကို အလွန်အကျူး ကန့်သတ်ထားချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမှီအခိုကင်းမှုကို လျော့ကျစေမည့် ခန့်အပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများ လိုအပ်သည်။ ထို့ပြင် ခွဲခြားဆက်ဆံရာရောက်သော နိုင်ငံသားဖြစ်မှုဆိုင်ရာ လိုအပ်ချက်များမှာ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ကို ဆုံးရှုံးခဲ့ရသည့် သိန်းချီသော ရိုဟင်ဂျာများအတွက် ဆက်လက်ရှိနေဆဲဖြစ်သလို အချို့သော တိုင်းရင်းသားလူနည်းစုနိုင်ငံသားများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မှာ ကန့်သတ်ခံနေရဆဲဖြစ်သည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေး** - ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့သည် မဲဆန္ဒရှင်စာရင်း ဖြည့်စွက်၊ ပြင်ဆင်၊ နုတ်ပယ်ခြင်း၊ ရွေးကောက်ပွဲအရာရှိများကို လေ့ကျင့် သင်ကြားပေးခြင်းနှင့် သက်ကြီးမဲဆန္ဒရှင်များအတွက် လုပ်ထုံးလုပ်နည်းများ ပြုပြင်ဆောင်ရွက်ပေးခြင်းတို့အတွက် ချီးကျူးထိုက်ဖွယ် အားထုတ်မှုများကို လုပ်ဆောင်ခဲ့သည်။ သို့သော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆုံးဖြတ်ချက်ရာတွင် ပွင့်လင်းမြင်သာမှုကင်းမဲ့သော ဖြစ်ရပ်အချို့လည်း ရှိခဲ့သည်။ ပွင့်လင်းမြင်သာစွာ ကြိုတင်သတ်မှတ်ထားသော စံနှုန်းများ မရှိဘဲ ရွေးကောက်ပွဲများ ပယ်ဖျက်ရန်နှင့် ရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်များသည် မဲဆန္ဒရှင် ၁.၄သန်းခန့်ကို မဲပေးခွင့်ဆုံးရှုံးစေခဲ့သည်။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းကို စီမံခန့်ခွဲရာတွင် ဆန္ဒမဲလျှို့ဝှက်မှုရှိစေရန်နှင့် သမာသမတ်ကျစေရန်အတွက် ဘေးရန်ဆီးကာရေး လုပ်ဆောင်မှုများ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။ နေအိမ်တွင်သာ နေထိုင်ရသူများ ပါဝင်ဆန္ဒမဲပေးခွင့်ကို တိုးချဲ့ဆောင်ရွက်ပေးခဲ့သော်လည်း ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှု သို့မဟုတ် ရှေ့နောက်ညီညွတ်မှု မရှိခြင်းတို့၏ သက်ရောက်မှုကို ခံစားခဲ့ရသည်။

**မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း** - ပတ်သက်ဆက်နွှယ်သူအများစုက မဲစာရင်း၏ အရည်အသွေးကို အပြုသဘောဆောင် အကဲဖြတ်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနေရာ ယှဉ်ပြိုင်မှုအတွက် မဲစာရင်းတွင် အမည်မပါဝင်သည့် မဲဆန္ဒရှင်များ ရှိနေကြောင်း မီဒီယာများက အစီရင်ခံကြသော်လည်း ရွေးကောက်ပွဲနေ့တွင် သွားရောက်လေ့လာခဲ့သော မဲရုံများရှိ မဲစာရင်းများနှင့် သက်ဆိုင်သည့် မှုမမှန်မှုများကို သိသိသာသာ တွေ့မြင်ရခြင်း မရှိပါ။

**လွှတ်တော်ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း** - မဲဆန္ဒရှင်များတွင် နိုင်ငံရေးအရ ရွေးချယ်စရာများစွာ ရှိခဲ့ကြသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ တရားဝင်စံနှုန်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အများအပြား၊ အထူးသဖြင့် ဘာသာရေး

လူနည်းစုနှင့် တိုင်းရင်းသားလူနည်းစု လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခံရခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခံရခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခံရခြင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အစားထိုးလဲလှယ်ရန် အတားအဆီး ဖြစ်စေခဲ့သည်။ နောက်ဆုံးအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေးတို့နှင့် သက်ဆိုင်သည့် ဒေတာအချက်အလက်များကို ကောက်ယူခြင်းနှင့် ထုတ်ပြန်ဖော်ပြခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဒေတာအချက်အလက်ကာကွယ်ရေး အခြေခံမူများအရ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့်ကို လေးစားလိုက်နာထားခြင်း မရှိပါ။

**အမျိုးသမီးပါဝင်မှု** - ၂၀၁၀ ပြည့်နှစ်မှစ၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းအရေအတွက် တဖြည်းဖြည်း တိုးလာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ ၁၆ ရာခိုင်နှုန်းကသာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ပါတီအချို့သည် ပါတီတွင်း သာတူညီမျှရှိရေး မူဝါဒများကို အကောင်အထည်ဖော်ချမှတ်ခဲ့သော်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာရန်အတွက် ယာယီအထူး စီမံဆောင်ရွက်ချက်များကို ကုစားဖြေရှင်းမှုတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် အမျိုးသမီးများသည် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ၏ ရာထူးအဆင့်မြင့်သည့် နေရာများတွင် ပါဝင်မှုနည်းပါးလျက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးတစ်ဦးမျှ မရှိပါ။

**မဲဆွယ်စည်းရုံးရေးအခင်းအကျင်း** - ရွှေ့ပြောင်းသွားလာခြင်းနှင့် စုဝေးခြင်းတို့ကို ကန့်သတ်ထားသည့် ကိုဗစ် ၁၉ ဆိုင်ရာ-ကန့်သတ်ချက်များသည် ပြည်သူလူထုအား မဲဆွယ်စည်းရုံးရေး၏ ထင်သာမြင်သာရှိမှုနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နိုင်မှုတို့ အပေါ်တွင် သက်ရောက်နေသည်။ မည်သို့ပင်ဖြစ်စေ ကာတာစင်တာက လူတွေ့မေးမြန်းမှု ပြုလုပ်ခဲ့သော လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ သုံးပုံနှစ်ပုံက အချို့နယ်မြေများ၌ မဲဆွယ်စည်းရုံးမှုများအား အနှောင့်အယှက်ပေးခြင်း၊ ကိုဗစ်-၁၉ဆိုင်ရာ ကန့်သတ်ချက်များကို ကျင့်သုံးရာတွင် ရှေ့နောက်မညီခြင်းနှင့် အာဏာရပါတီ၏ အခွင့်အရေးရမှုများကို စောဒက တက်ခြင်းများ ရှိကြစေကာမူ လွတ်လွတ်လပ်လပ်နှင့် သာတူညီမျှဖြစ်စွာ မဲဆွယ်စည်းရုံးနိုင်ခဲ့ကြသည်ဟု ပြောဆိုခဲ့ကြသည်။ ထို့ပြင် ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် အခမဲ့ထုတ်လွှင့်ချိန်အတွက် နိုင်ငံရေးပါတီများ၏ စာသားများအပေါ် UEC ၏ ဆန်းစစ်သုံးသပ်မှုမှာ လွန်စွာတင်းကျပ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများနှင့် ကွဲလွဲနေသည်။ သို့သော် လူတစ်ဦးသေဆုံးခဲ့သည်အထိ ဖြစ်ခဲ့သော ပါတီထောက်ခံဝန်းရံသူများအကြားမှ သီးခြားပဋိပက္ခဖြစ်ရပ်များနှင့် ရခိုင်ပြည်နယ်ရှိ NLD ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးကို ပြန်ပေးဆွဲခံရခြင်းတို့ ရှိခဲ့သည်။

**ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းခြင်း** - မိမိဆန္ဒအလျောက်ဖြစ်သော ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း ယန္တရားများနှင့် တင်းမာမှုများကို လျှော့ချခြင်း၊ အပြန်အလှန် ပြောဆိုဆွေးနွေးသည့် ဒိုင်ယာလော့ဂ်များကို အားပေးမြှင့်တင်ခြင်းနှင့် အများဆန္ဒ ဦးစားပေးမှုကို တည်ဆောက်ခြင်းတို့အား ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေမည့် နိုင်ငံရေးပါတီများလိုက်နာရန်ကျင့်ဝတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တည်ဆောက်ပေးခဲ့သည်။

**လူမှုမီဒီယာ** - လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုသည် ၎င်းတို့၏ မဲဆန္ဒရှင်များထံ လက်လှမ်းမီရောက်ရှိရန်အတွက် လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ်ကို ပုံမှန်အသုံးပြုခဲ့ကြပါသည်။ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများ သို့မဟုတ် အမျိုးသမီးများကို ဦးတည်သည့် အမုန်းစကားများ ပါဝင်လေ့ရှိသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ကြံသတင်း အများအပြားကို ကာတာစင်တာ၏ လူမှုကွန်ရက်စောင့်ကြည့်လေ့လာရေးက သတ်မှတ်ဖော်ထုတ်ခဲ့သည်။

**ရွေးကောက်ပွဲလေ့လာရေး** - အသိအမှတ်ပြုလွှာဆိုင်ရာ ပြဿနာအချို့ ရှိခဲ့သော်လည်း နိုင်ငံသားရွေးကောက်ပွဲလေ့လာသူများမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ရှုထောင့်အများစုကို လေ့လာနိုင်ခဲ့သည်။ ရွေးကောက်ပွဲနေ့တွင် ၎င်းတို့၏ လုပ်ငန်းများသည် လည်းကောင်း၊ မဲရုံကိုယ်စားလှယ်များ၏ လုပ်ငန်းများသည်လည်းကောင်း ပွင့်လင်းမြင်သာမှုကို တိုးမြှင့်စေခဲ့သည်။ ကာတာစင်တာမှ ရွေးကောက်ပွဲလေ့လာသူများအပါအဝင် ရွေးကောက်ပွဲလေ့လာသူအချို့မှာ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များနှင့်စပ်လျဉ်းသည့် ထပ်ဆောင်းသတင်းပေးပို့ရေး သတ်မှတ်ချက်များကိုလည်း ကြုံတွေ့ခဲ့ရပြီး ထိုဖြစ်စဉ်မှာ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်နိုင်စွမ်းကို လျော့ကျစေခဲ့သည်။

ကာတာစင်တာမစ်ရှင်၏ လုပ်ငန်းများမှာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များ၏ သက်ရောက်မှုများကို ခံစားခဲ့ရသည်။ မစ်ရှင်သည် ၎င်း၏ ရွေးကောက်ပွဲလေ့လာရေးလှုပ်ရှားမှုများကို ဆောင်ရွက်နိုင်မည့် ချဉ်းကပ်မှုများကို ကျင့်သုံးခဲ့ပြီး ၎င်း၏ အဓိကမူဝါဒများဖြစ်သော အမှီအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် အချက်အလက်အခြေပြု အစီရင်ခံမှုများကိုလည်း ထိန်းသိမ်းခဲ့ပါသည်။ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် မစ်ရှင်အနေဖြင့် လုပ်ငန်းစဉ်ကို အပြည့်အဝ လက်လှမ်းမီလေ့လာနိုင်ခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ရာဂဏန်းမျှရှိသော အစည်းအဝေးများကိုသာ ရပ်ဝေးမှ ကျင်းပခဲ့ရသည်။ မဲဆွယ်စည်းရုံးခြင်းနှင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်ခြင်းများကို တိုက်ရိုက်လေ့လာနိုင်သည့် အခြေအနေကို အပြည့်အဝ မရရှိခဲ့သဖြင့် ရွေးကောက်ပွဲဖြစ်စဉ်၏ ရှုထောင့်အားလုံးကို နှံ့စပ်တိကျစွာ ဆန်းစစ်လေ့လာမှုတစ်ရပ်ကို ပံ့ပိုးနိုင်ခြင်း မရှိသေးပါ။

###

ဆက်သွယ်ရန်။ အတ္တလန်တာတွင် Soyia Ellison, soyia.ellison@cartercenter.org

မြန်မာနိုင်ငံတွင် Sean Dunne, sean.dunne@cartercenter.org

## ကာတာစင်တာ

*ငြိမ်းချမ်းရေးကို တိုးမြှင့်ခြင်း၊ ရောဂါဘယ တိုက်ဖျက်ခြင်း၊ မျှော်လင့်ချက်ကို တည်ဆောက်ခြင်း*

*ကာတာစင်တာသည် အကျိုးအမြတ်ကို မရယူသော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်စေခြင်း၊ ရောဂါဘယများကို ကာကွယ်တားဆီးခြင်းနှင့်*

*စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု တိုးမြှင့်စေခြင်းတို့ကို နိုင်ငံပေါင်း ၈၀ ကျော်မှ လူများ၏ ဘ၀ တိုးတက်စေရန် ကူညီပေးခဲ့ပြီး ဖြစ်သည်။  ကာတာစင်တာကို အမေရိကန်သမ္မတဟောင်း Jimmy Carterနှင့် သမ္မတကတော်ဟောင်း Rosalynn Carter တို့မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေး တိုးမြှင့်ခြင်းတို့ကို မိတ်ဖက်ဖြစ်သော Emory Universityနှင့်အတူ  ဆောင်ရွက်နေပါသည်။*

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုရန် *CarterCenter.org* | ကျွန်ုပ်တို့အကြောင်းကို Twitterတွင် ကြည့်ရှုရန် *@CarterCenter* | ကျွန်ုပ်တို့အကြောင်းကို Instagram တွင် ကြည့်ရှုရန် *@thecartercenter* | ကျွန်ုပ်တို့ကို Facebook တွင် Like လုပ်ထားရန် *Facebook.com/CarterCenter* | ကျွန်ုပ်တို့အကြောင်းကို YouTube တွင် ကြည့်ရှုရန် *YouTube.com/CarterCenter*